# ၁၆ကြိမ်မြောက်အာဆီယံစီးပွားရေးအသိုက်အဝန်းအလုပ်ရုံဆွေးနွေးပွဲ

(နိုဝင်ဘာလ(၅)ရက်၊ မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန)





**နိဒါန်း**

၁၆ ကြိမ်မြောက် အေအီးစီအလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်တွင် မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန၌ "အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့်မီဒီယာ"ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မီဒီယာများ တက်ရောက်ခဲ့ကြပါသည်။ ယင်းအလုပ်ရုံဆွေးနွေးပွဲကို ပါရမီစွမ်းအင် ကုမ္ပဏီများအုပ်စုမှ အဓိကကူညီပံ့ပိုးပေးပြီး PT&MM Event Ads Co.,LTD မှ စီစဉ်ကျင်းပခြင်း ဖြစ်ပါသည်။

အလုပ်ရုံဆွေးနွေးပွဲအကြောင်းအရာခေါင်းစဉ်များနှင့် ဟောပြောဆွေးနွေးသူများ-

(က) Moderator

ဦးမျိုးမြတ်သူ (Project Director ၊ Forever Group)

Panelists

(ခ) ဦးတင်ချို၊ Senior Advisor ၊ Parami Energy Group of Companies

(ဂ) ဒေါက်တာဒေါ်ခင်အုန်းသန့်(အငြိမ်းစားအကြံပေး)၊
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
ဒေါ်တင်တင်ထွေး၊ Senior Advisor ၊ Parami Energy Group of Companies နှင့်
(အငြိမ်းစား-ညွှန်ကြားရေးမှူး) National AFTA Unit

(ဃ) ဦးဇော်သန်း၊ အယ်ဒီတာချုပ်၊ ECO Echo Journal

(င) ဦးအောင်မြင့်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း‌ဒု-ဥက္ကဋ္ဌနှင့် Senior Advisor ၊ Parami Energy Group of Companies)

**ဆွေးနွေးချက်များ**

ဦးမျိုးမြတ်သူက ယခုနှစ်တွင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌတာဝန်ကိုရယူစဉ် အစည်းအဝေးပေါင်းမြောက်များစွာကို ကျင်းပပြုခဲ့ပြီး ယခုလအတွင်း အရှေ့အာရှထိပ်သီးဆွေးနွေးပွဲနှင့် အာဆီယံထိပ်သီးအစည်းအဝေးကို ကျင်းပပြုလုပ်မည်ဖြစ်ရာ ယင်းအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများတွင် အာဆီယံ

စီးပွားရေး အသိုက်အဝန်းအကြောင်းကို ဆွေးနွေးကြမည်ဖြစ်သည့်အတွက် မီဒီယာများအနေဖြင့် အာဆီယံ စီးပွားရေး အသိုက်အဝန်းအကြောင်းအား သေချာစွာသိရှိထားရန် လိုအပ်ကြောင်း၊ ယင်းသို့ သိရှိမှသာလျှင် ပြည်သူများ သိရှိနိုင်ရန်အတွက် မှန်ကန်သည့်သတင်းကို ရေးသားပြီး အကောင်းဆုံး သုံးသပ်နိုင်မည်ဖြစ်ပါကြောင်း၊ ပါရမီစွမ်းအင် ကုမ္ပဏီများအုပ်စု၏ပါရမီစားပွဲဝိုင်းအုပ်စုမှ ယခုကဲ့သို့ မီဒီများအတွက်ရည်ရွယ်ပြီး ယခုကဲ့သို့အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပပေးသည့်အတွက်လည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားပါသည်။

ဆက်လက်ပြီး ဦးတင်ချိုက အေအီးစီအလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းရည်ရွယ်ချက်အကြောင်း ပြောကြား ရာတွင် ပါရမီစွမ်းအင် ကုမ္ပဏီများအုပ်စု၏ပါရမီစားပွဲဝိုင်းအုပ်စုအနေဖြင့် အေအီးစီအကြောင်း ပြည်သူများ သိရှိစေရေး မြန်မာပြည်အနှံ့တွင် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခဲ့ပါကြောင်း၊ ယင်းသို့ ကျင်းပပြု လုပ်ရခြင်းမှာ အေအီးစီသွင်ပြင်လက္ခဏာများကို မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များသိရှိစေရေး၊ အေအီးစီ၏ အကျိုးဆက်ကြောင့်ဖြစ်ပေါ်လာမည့်စိန်ခေါ်မှုများနှင့် အခွင့်အရေးများကို ရင်ဆိုင်အနိုင်ယူနိုင်ရေး၊ ပညာရှင်များနှင့် လုပ်ငန်းရှင်များအကြား အသိအမြင် ဖလှယ်နိုင်ရေးနှင့် လုပ်ငန်းရှင်များ၊ မူဝါဒချမှတ်သူများနှင့် ပညာရှင်များအကြား ပူးပေါင်းအဖြေရှာခြင်းဖြင့် အေအီးစီကို အောင်မြင်စွာရင်ဆိုင်နိုင်ပြီး နိုင်ငံတော်စီးပွားရေး တိုးတက်ဖွံ့ဖြိုးလာစေရေးတို့အတွက် ဖြစ်ပါကြောင်း၊ ထို့အပြင် အောက်တိုဘာလ ၂၈ရက်နေ့တွင် MRTV-4 ၏ Sunday Talk အစီအစဉ်အတွက် ဦးမျိုးမြတ်သူနှင့် မိမိ တွေ့ဆုံဆွေးနွေးရိုက်ကူးခဲ့ရာ ဦးမျိုးမြတ်သူက မီဒီယာများအတွက် အေအီးစီအလုပ်ရုံဆွေးနွေးပွဲတစ်ပွဲ လုပ်ဆောင်ပေးစေလိုသည်ဟု အကြံပြုခဲ့ပါကြောင်း၊ မီဒီယာသည် နိုင်ငံတော်၏ စတုတ္ထမဏ္ဍိုင်ဖြစ်ပါကြောင်း၊ မိမိတို့ယခုကဲ့သို့ အလုပ်ရုံ ဆွေးနွေးပွဲများ လုပ်ဆောင်ခြင်းထက် မီဒီယာမှ ဖြန့်ဝေခြင်းက ပိုမိုပျံ့နှံ့လွယ်ပါကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ပါရမီစားပွဲဝိုင်း အဖွဲ့ဝင်များနှင့် ပြန်လည်ဆွေးနွေးပြီး အားလုံး၏သဘောတူညီချက်ဖြင့် ယနေ့ဆွေးနွေးပွဲကို ကျင်းပခဲ့ခြင်း ဖြစ်ပါကြောင်း ပြောကြားပါသည်။

ဒေါက်တာဒေါ်ခင်အုန်းသန့်က မီဒီယာများအနေဖြင့် အာဆီယံအကြောင်း ပိုမိုသိရှိနိုင်ရေးအတွက် အာဆီယံ ဖွဲ့စည်းတည်ထောင်ပုံ၊ ရည်ရွယ်ချက်၊ အာဆီယံအသိုက် အဝန်းဖြစ်ပေါ်ရေးအတွက် မဏ္ဍိုင်ကြီး (၃) ရပ် စသည်တို့ကို ဆွေးနွေးပြောကြားပါသည်။

ဒေါ်တင်တင်ထွေးက အာဆီယံမျှော်မှန်းချက် ၂၀၂၀၊ အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) အခြေပြုမြေပုံ ၊ အေအီးစီတွင် ပါဝင်သည့်အဓိက အချက်ကြီး (၄) ချက်နှင့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ အကြောင်း ဆွေးနွေးသွားပါသည်။

ဦးဇော်သန်းက အေအီးစီအကြောင်း ပြောကြားရာတွင် SME အကြောင်းကိုလည်း ထည့်သွင်း ပြောကြား ရမည်ဖြစ်ပါကြောင်း၊ အဘယ့်ကြောင့်ဆိုသော် မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်း၏၉၀ ရာခိုင်နှုန်းကျော်သည် SME များဖြစ်ပါကြောင်း၊ ထို့အပြင် SME မှ လုပ်သား ၆၀ ရာခိုင်နှုန်းကို အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနေပါကြောင်း၊ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသောစာရင်းများအရ SME လုပ်ငန်းပေါင်း ၃၀၀၀၀ ကျော် ရှိပါကြောင်း၊ SME လုပ်ငန်းများတွင် စားသောက်ကုန်နှင့် ဝန်ဆောင်မှုလုပ်ငန်း ၆၃.၅ ရာခိုင်နှုန်းနှင့် စက်မှုနှင့် အထွေထွေလုပ်ငန်း ၂၆.၄၉ ရာခိုင်နှုန်းပါဝင်ပါကြောင်း စသည်ဖြင့်မြန်မာနိုင်ငံ၏ SME အခြေအနေများကို ဆွေးနွေးပြောကြားပါသည်။

ဆက်လက်ပြီး ဦးအောင်မြင့်က သယ်ယူပို့ဆောင်ရေးနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ၏ လက်ရှိ ယာဉ်များ၏ အခြေအနေ၊ လမ်းအခြေအနေ၊ အာဆီယံနိုင်ငံများနှင့်ကွာခြားချက်များ၊ မဟာဗျူဟာမြောက်လမ်းများ ဖြစ်ကြသည့် အာဆီယံလမ်းမကြီးနှင့် မဟာမဲခေါင်းမြစ်ဝှမ်းဒေသလမ်းမကြီးအကြောင်းတို့ကို ဆွေးနွေးဟောပြောခဲ့ပါသည်။

**အမေးအဖြေကဏ္ဍ**

မြန်မာ့အလင်းသတင်းစာမှ ဦးအောင်သူရက မြန်မာနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌတာဝန်ကို တစ်ကြိမ် ရရှိခဲ့သော်လည်း စွန့်လွှတ်ခဲ့ရသည်ဟု မိမိအနေဖြင့် သိရှိရပါကြောင်း၊ မိမိအနေဖြင့် ယင်းသို့ စွန့်လွှတ်ခဲ့ ရသည့်အကြောင်းအရင်းကိုသိရှိလိုပါကြောင်း၊ ထို့အပြင် SME ဥပဒေအတည်ပြုပြီး ခြင်းရှိမရှိ သိလိုပါကြောင်းနှင့် ငွေချေးသည့်လုပ်ငန်းများစတင်နေခြင်းရှိမရှိသိလိုပါကြောင်း မေးမြန်းပါသည်။

ဒေါက်တာဒေါ်ခင်အုန်းသန့်က ၂၀၀၆ ခုနှစ်တွင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌတာဝန် ထမ်းဆောင်ရန် တစ်ကြိမ်ရရှိခဲ့သော်လည်း ယင်းအချိန်တွင် အရေးယူပိတ်ဆို့မှုများရှိနေပြီး အနောက်နိုင်ငံများနှင့် အာဆီယံနိုင်ငံအချို့၏ကန့်ကွက်မှုများကြောင့် စွန့်လွှတ်ခဲ့ခြင်းဖြစ်ပါကြောင်း ဖြေကြားပါသည်။

ဦးဇော်သန်းက SME ဥပဒေမှာ ၂၀၁၂ ခုနှစ် ဧပြီလကတည်းက ဥပဒေအသစ်ပြန်လည်ရေးဆွဲပြီး ပြည်သူ့လွှတ်တော်သို့ တင်ထားဆဲဖြစ်ပါကြောင်း၊ ယခုအခါ မြန်မာ့အသေးစားနှင့် အလတ်စားဖွံ့ဖြိုးမှုဘဏ်မှ ၈.၅ ရာခိုင်နှုန်းဖြင့် ထုတ်ချေးနေပြီး JETROမှ ၄ ရာခိုင်နှုန်း ဖြင့် ချေးမည်ဟု သိရှိရသည့်အတွက် SME လုပ်ငန်း များအတွက် အလားအလာကောင်းပါကြောင်း ဖြေကြားပါသည်။

DVB သတင်းဌာနမှ ကိုအောင်သူက ၂၀၁၅ အေအီးစီအကောင်အထည်ပေါ်လာသည့်အခါ နိုင်ငံခြားသားလုပ်ငန်းရှင်များနှင့်ယှဉ်ပြိုင်နိုင်ရန် ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် မည်သို့ပြင်ဆင်ထားရမည်နှင့် အစိုးရအနေဖြင့် မည်သို့လုပ်ဆောင်ပေးသင့်သည်ကို သိလိုပါကြောင်းမေးမြန်းပါသည်။

ဦးဇော်သန်းက အေအီးစီဝင်ရောက်လာသည့်အခါ ယှဉ်ပြိုင်မှုများတွဲပါလာမည်ဖြစ်ပါကြောင်း၊ ဘောဂ ဗေဒသဘောအရ ဈေးကွက်အတွင်း ယှဉ်ပြိုင်မှုရှိခြင်းသည် ကောင်းမွန်ပါကြောင်း၊ မြန်မာ့SME များအနေဖြင့် အမြင်ရှိရ မည်ဖြစ် ပါကြောင်း၊ အားနည်းချက်အားသာချက်များကိုလည်း လေ့လာပြီး အတွေးအခေါ် ကောင်းမွန်အောင် ကြိုးပမ်း ရမည်ဖြစ်ပါကြောင်း၊ SME တစ်ခုချင်းအလိုက် မဟုတ်ဘဲ အစုအဖွဲ့များ စုပေါင်း လုပ်ဆောင်သင့် ပါကြောင်း၊ အစိုးရအနေဖြင့်လည်း ပံ့ပိုးကူညီသူအဖြစ် ကဏ္ဍတစ်ခုအနေဖြင့် ပါဝင်ရမည်ဖြစ် ပါကြောင်း ပြောကြားပါသည်။

ဆက်လက်ပြီး ဒေါ်တင်တင်ထွေးက ယှဉ်ပြိုင်မှုများ ပိုမိုရှိလာမည်ဖြစ်ပါကြောင်း၊ ထို့အတွက် မိမိတို့အနေဖြင့် ဖန်တီးမှုအရည်အချင်း ရှိရန်လိုအပ်ပါကြောင်း ပြောကြားပါသည်။

ဦးတင်ချိုက ဖိလစ်ပိုင်တွင် အစိုးရအနေဖြင့် နိုင်ငံခြားသို့ ကုန်စည်များတင်ပို့ရာတွင် အကူအညီများ ပေးပါကြောင်း၊ မိမိတို့လုပ်ငန်းရှင်များအနေဖြင့် အစိုးရကိုပဲအားမကိုးဘဲ မိမိတို့ကိုယ်တိုင်တွင်လည်း ဖန်တီးမှု စိတ်ကူးရှိရမည်ဖြစ်ပါကြောင်း၊တူသည့်အစုအဖွဲ့များပူးပေါင်းပြီး လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း ပြောကြားပါသည်။

MNTV မှ SME ဥပဒေမပြဌာန်းနိုင်သေးသည့်အတွက် မြန်မာ့ SME များအတွက် အခက်အခဲ ဖြစ်နိုင်ခြင်း ရှိမရှိ သိလိုပါကြောင်း၊ အာဆီယံ၏ဆက်သွယ်ရေးလမ်းမတွင် မိမိတို့မြန်မာနိုင်ငံအနေဖြင့် အဓိက ကျသည့်

နေရာတွင် တည်ရှိနေသည့်အတွက် အေအီးစီအကောင်အထည်ပေါ်လာချိန်တွင် လမ်းများကို အချိန်မီ မပြင်ဆင်နိုင်လျှင် မည်သို့ဖြစ်နိုင်မည်ကိုသိလိုပါကြောင်းနှင့်မည်သို့အကြံပြုလိုသည်ကိုသိလိုပါကြောင်း မေးမြန်းပါသည်။

SME ဥပဒေမထွက်သည့်အတွက် အတိအကျလုပ်ဆောင်ရမည့်ကိစ္စရပ်များတွင် နှောင်နှေးကျန့်ကြာမှုများဖြစ်နိုင်ပါကြောင်း၊ သို့ရာတွင် စက်မှုဝန်ကြီးဌာနနှင့် တည်ဆဲဥပဒေတို့ဖြင့် SME တိုးတက်ရေးအတွက် လုပ်ဆောင်နိုင်ပါကြောင်း၊ ဌာနဆိုင်ရာပိုင်းမှ ဦးဆောင်ပြီး အဖွဲ့အစည်းများဖွဲ့ရမည်ဖြစ်ပါကြောင်း၊ ယင်းအဖွဲ့အစည်းများမှ အစုအဖွဲ့များထပ်မံဖွဲ့ပေးရမည်ဖြစ်ပါကြောင်း ဦးဇော်သန်းက ပြန်လည်ဖြေကြားပါသည်။

ကုန်သွယ်မှုနှင့် စီးပွားရေးတို့အတွက် လမ်းပန်းဆက်သွယ်ရေးက အဓိက ကျပါကြောင်း၊ အစိုးရအနေဖြင့်လည်း အခုအခါလုပ်ဆောင်နေကြောင်း၊ နိုင်ငံတကာ၏ အကျိုးစီးပွားအရ မိမိတို့အတွက် ထောက်ပံ့ပေးမှုဖြင့် လုပ်ဆောင်လျှင်လည်း ပိုမိုမြန်ဆန်မည်ဖြစ်ပါကြောင်း၊ ယခုအခါ သဘောတူညီမှုများကို လက်မှတ်ထိုးထားပြီးဖြစ်ပါကြောင်း ဦးအောင်မြင့်က ဖြေကြားပါသည်။

မဖွံ့မသတင်းဌာနမှ ယခုအခါ အပေါင်ပစ္စည်းမလိုဘဲ ငွေချေးနိုင်ပြီဟု သိရပါကြောင်း ၊ အမှန်တကယ်ချေးပေးနေခြင်းရှိမရှိသိလိုပါကြောင်း၊ တရုတ်နိုင်ငံသို့ လယ်ယာထွက်ကုန်တင်ပို့သည့်အခါ ၂၀၁၅ ခုနှစ်တွင် အခွန်၀ ရာခိုင်နှုန်းစဖြစ်မဖြစ်ကိုလည်း သိလိုပါကြောင်း မေးမြန်းပါသည်။

ဦးဇော်သန်းက အစိုးရအနေနှင့် ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် ၂၀ ဘီလီယံကို SME လုပ်ငန်းပေါင်း ၁၈၀ကျော်အားပေးအပ်မည်ဖြစ်ပါကြောင်း၊ သို့ရာတွင် ခွဲတန်းချဆဲပင်ဖြစ်ပါကြောင်း ပြောကြားပါသည်။

ဒေါ်တင်တင်ထွေက ကုန်စည်များတင်ပို့သည့်အခါ ပုံစံ(D) ကို အသုံးပြုရမည်ဖြစ်ပါကြောင်း၊ ယင်းသို့အသုံးပြုမှသာလျှင် အခွန်ကင်းလွတ်ခွင့်ကို ခံစားနိုင်မည်ဖြစ်ပါကြောင်း၊ ASEAN+China အနေဖြင့် ပုံစံ (E) ကိုအသုံးပြုရမည်ဖြစ်ပါကြောင်း၊ ယင်းပုံစံများကို UMFCCI နှင့် ကုန်သွယ်ရေးဝန်ကြီးဌာနတို့မှ ရယူနိုင်ပါကြောင်း ပြောကြားပါသည်။

**နိဂုံး**

နိဂုံးချုပ်အားဖြင့် ဦးမျိုးမြတ်သူက မီဒီယာများသည် ပြည်သူများအား သတင်းပြန်လည်ဖြန့်ဝေရာတွင် မှန်ကန်သည့်သတင်းအချက်အလက်ကို ပေးအပ်ရန်လွန်စွာအရေးကြီးပါကြောင်း၊ အေအီးစီနှင့်ပတ်သက်ပြီး မီဒီယာများအနေဖြင့် အချက်အလက်များကို မှန်ကန်စွာသိရှိသုံးသပ်နိုင်ရေးအတွက် ယခုကဲ့သို့ အလုပ်ရုံဆွေးနွေးပွဲကျင်းပပေးသည့် ပါရမီစွမ်းအင် ကုမ္ပဏီများအုပ်စု၏ပါရမီစားပွဲဝိုင်းအဖွဲ့ကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် မီဒီယာများအနေဖြင့် အေအီးစီနှင့်ပတ်သက်ပြီး ပိုမိုသိရှိလိုပါက ပါရမီစားပွဲဝိုင်းအုပ်စု၏ ဝက်ဘ်ဆိုက်လိပ်စာ www.aec.com.mm တွင် ဝင်ရောက်လေ့လာနိုင်ပါကြောင်း ပြောကြားပြီး အခမ်းအနားကို နေ့လည် ၁၃ နာရီ ၄၅ မိနစ်အချိန်တွင် အောင်မြင်စွာ ရုတ်သိမ်းခဲ့ပါသည်။